**(၉) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး**
**သဘောတူစာချုပ်တွေ့ဆုံဆွေးနွေးရေးညှိနှိုင်းရေးအစည်းအဝေးတွင်**
**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့**
**(SD)၏ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်၏ အဖွင့်မိန့်ခွန်းစကား**

ရန်ကုန်မြို့၊ မြန်မာနိုင်ငံ                                                   ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၆) ရက်

အားလုံး မင်္ဂလာပါ။

ပထမဆုံးအနေနဲ့ပြောချင်တာကတော့ အခုလက်ရှိပြည်နယ်နဲ့တိုင်းဒေသကြီးအတော်များများမှာ ကြုံတွေ့နေရတဲ့ ရေဘေးဒုက္ခတွေအတွက် ကျွန်မတို့အနေနဲ့အင်မတန်မှ စိတ်မကောင်းဖြစ်ရပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေမှာလည်း အစိုးရအနေနဲ့အကောင်းဆုံးလုပ်ဆောင်နေတယ်လို့ယုံကြည်ပါတယ်။ ကျွန်မတို့အနေနဲ့ပံ့ပိုးနိုင်သည်များကိုလည်း တတ်အားသရွေ့ပါဝင်ပံ့ပိုးနိုင်ဖို့စိတ်ဆန္ဒရှိပါတယ်။

ယခု (၉) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွေ့ဆုံဆွေးနွေးညှိနှိုင်းရေးအစည်းအဝေးကို ကြွရောက်လာကြတဲ့ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့်ကိုယ်စားလှယ်အဖွဲ့အားလုံး၊တပ်ဘက်ဆိုင်ရာကိုယ်စားလှယ်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ တာဝန်ရှိသူများအားလုံးကို လေးစားပါတယ်။

(၉)ကြိမ်မြောက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွေ့ဆုံဆွေးနွေးညှိနှိုင်းရေးအစည်းအဝေးမှာပြီးခဲ့တဲ့ (၈)ကြိမ်မြောက်အစည်းအဝေးတုန်းကမပြီးပြတ်သေးတဲ့တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကိုအားလုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊စာချုပ်ထဲမှာပြင်ဆင်ရန် ကျန်ရှိနေတဲ့အချက်(၃)ချက်ကို ဆက်လက်ညှိနှိုင်းဖို့ကိစ္စအပါအဝင် အသိသက်သေကိစ္စနဲ့စာချုပ်ထဲမှာပါဝင်လက်မှတ်ရေးထိုးမည့်သူများ ကိစ္စများကို ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။

ယခုအချိန်က အရမ်းအရေးကြီးတဲ့ အချိန်ဖြစ်တယ်ဆိုတာကိုကျွန်မတို့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက နားလည်သဘောပေါက်ပြီး တချိန်ထဲမှာပဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အားလုံးပါဝင်လက်မှတ်ရေးထိုးနိုင်ဖို့အတွက် အရေးကြီးတယ်လို့လည်းမြင်ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်တွေ့ကျကျထိရောက်စွာ အကောင်အထည် ဖော်နိုင်ဖို့အတွက် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံးက အဖွဲ့အစည်းကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခနဲ့ ပါတ်သက်နေတဲ့အဖွဲ့တွေဖြစ်တဲ့အတွက်ငြိမ်းချမ်းရေးတည်ဆောက် ရေးမှာလည်းအားလုံးပါဝင်မှသာ ကျွန်မတို့သွားနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုလုံး အလုပ်ဖြစ်မယ်ဆိုတာကို သဘောပေါက်ပါတယ်။

ဒီတော့ တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲဖို့အတွက်နဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်မှာ အားလုံးပါဝင်နိုင်ရေးအတွက်အစိုးရဘက်ကလည်း နည်းလမ်းတွေရှာမယ်လို့ယုံကြည်ပါတယ်။ (၈) ကြိမ်မြောက်အစည်းအဝေးတုန်းကအဆိုပြုတင်ပြထားသလိုပဲ အစိုးရဆီက အားလုံးပါဝင်နိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်း တခုခုကိုရရှိမယ်လို့ မျှော်လင့်ပါတယ်။

ပြီးခဲ့တဲ့ (၈) ကြိမ်မြောက်အစည်းအဝေးတုန်းက UPWC ဘက်က NCCT ရဲ့ အဖွဲ့ ဝင် (၁၆) ဖွဲ့ထဲက (၁၀)ဖွဲ့ ကိုပဲ လက်မှတ်ရေးထိုးရေးမှာပါဝင်ဖို့လက်ခံတယ်လို့တင်ပြခဲ့ပါတယ်။ UPWC ရဲ့ သဘောထားကိုတိုင်းရင်းသားအဆင့်မြင့်ခေါင်းဆောင်တွေကို အစည်းအဝေးမှာပြန်တင်ပြတော့ အစည်းအဝေးကအားလုံးပါဝင် လက်မှတ်ရေးထိုးရေး၊ အနည်းဆုံးအနေဖြင့် NCCT အဖွဲ့ဝင် (၁၆) ဖွဲ့ လက်မှတ်ရေး ထိုးရေးကိုပဲ ဆက်လက် ကိုင်စွဲထားဖို့ ဆုံးဖြတ်ခဲ့ကြတဲ့အပေါ် အခု (၉) ကြိမ်မြောက်အစည်းအဝေးမှာ ဆက်လက်ညှိနှိုင်းဖို့ဖြစ်ပါတယ်။ ဒီအစည်းအဝေးကနေပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဖြစ်ဖို့အတွက် စိတ်သဘောထားအခိုင်အမာနဲ့ သေသေချာချာစဉ်းစားပြီးဆွေးနွေးညှိနှိုင်းကြမယ်ဆိုရင်အကောင်းဆုံးအဖြေတခုကိုရရှိပြီးရှေ့ဆက်သွားဖို့ အတွက် အလားအလာကောင်းတွေလည်းရရှိမယ်လို့ယုံကြည်ပါတယ်။

နှစ် (၆၀) ကျော်ကြာပြည်တွင်းစစ်က တိုင်းရင်းသားကြီးငယ်မခွဲခြားပဲ အားလုံးကထပ်တူညီမျှခံစားရတာဖြစ်ပြီး အားလုံးရဲ့နိုင်ငံရေးရည်မှန်းချက်ကလည်း အတူတူပဲဖြစ်တဲ့အတွက်နိုင်ငံရေးဆွေးနွေးပွဲကို သွားဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအားလုံးအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အခိုင်အမာဖြစ်ရေးအတွက် အားလုံးကလက်မှတ်ရေးထိုးနိုင်ဖို့ အရေးကြီးပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တခုခုကို ချန်ရစ်ထားမယ်ဆိုရင်တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားဖို့အတွက် ဖန်တီးတာနဲ့အတူတူပါပဲ။ ဒါ့အပြင် NCA မှာမပါဝင်နိုင်သေးတဲ့ အဖွဲ့တွေနဲ့ တိုက်ပွဲဆက်လက်ဖြစ်ပွားမယ် ဆိုရင်လည်း NCA လက်မှတ်ထိုးထားတဲ့ပြည်နယ်တွေမှာအကျိုးသက်ရောက်မှုတွေရှိမှာဖြစ်တဲ့အတွက်ကျွန်မတို့လိုချင်တဲ့ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မှာမဟုတ်ပါဘူး။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်မှုရပ်စဲရေး စာချုပ်ကို လက်မှတ်ရေးထိုးပြီးတာနက် အပစ်အခတ်အားလုံးရပ်စဲသွားတာကို မြင်ချင်ပါတယ်။ လက်မှတ်ရေးထိုးပြီး တိုက်ပွဲဆက်လက်ဖြစ်ပွားတာကိုမလိုလားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့လက်မှတ်ရေးထိုးပြီး တိုက်ပွဲတွေဆက်လက်ဖြစ်ပွားမယ်ဆိုရင် ပြည်သူတွေလဲ ကျွန်မတို့ငြိမ်းချမ်းရေးလုပ်ရပ်အပေါ် သံသယတွေ၊ ဒွဟစိတ်တွေ ဖြစ်စေနိုင်ပါတယ်။

ဒီတကြိမ်အစည်းအဝေးမှာ ကျွန်မတို့တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ အစိုးရဘက်ကရော၊ တပ်ဘက်ဆိုင်ရာတာဝန်ရှိသူအားလုံး စစ်မှန်တဲ့ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်ဖို့ကိုရည်မှန်းပြီး ဆွေးနွေးညှိနှိုင်းမယ် ဆိုရင် စစ်မှန်ပြီးရေရှည်တည်တံ့ခိုင်မြဲတဲ့ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ အကောင်းဆုံးအဖြေတခုခုကို ရရှိမယ်လို့ မျှော်လင့်ပါတယ်။ (အားလုံးကို ကျေးဇူးတင်ပါတယ်)